
Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## ဆံပင်ပုံသွင်းစက်

မော်ဒယ်နံပါတ် .  **EH-KA11**



ဤဆံပင်ပုံသွင်းစက်ကိုအသုံးမပြုခင် ကျေးဇူးပြု၍ အဆိုပါလမ်းညွှန်ချက်များကို ပြည့်စုံစွာဖတ်ရှုပါ။
ဤလက်စွဲစာအုပ်ကိုနောင်တွင် အသုံးပြုရန်သိမ်းထားပါ။

# ဘေးကင်းလုံခြုံမှုအတွက်လမ်းညွှန်မှုများ

ဆံပင်ပုံသွင်းစက်ကိုအသုံးမပြုခင်တွင်ကျေးဇူးပြု၍ဘေးကင်းလုံခြုံမှုအတွက်လမ်းညွှန်ချက်များကိုဖတ်ပါ။၎င်းလမ်းညွှန်ချက်များသည်ဤဆံပင်ပုံသွင်းစက်ကိုလုံခြုံစွာနှင့်မှန်မှန်ကန်ကန်အသုံးပြုနိုင်ရန်ရှင်းပြထားခြင်းဖြစ်သည်။သင်ကိုယ်တိုင်ထိခိုက်နာကျင်ခြင်းမှကာကွယ်ရန်(သို့)အခြားသောသူများကိုကာကွယ်ရန်အတွက်လည်းဖြစ်ပါသည်။

**အရေးကြီးသတိပေးချက် :** **အောက်ဖော်ပြပါလမ်းညွှန်ချက်များကိုမလိုက်နာပါက မီးလောင်ခြင်း၊အပူလောင်ဒဏ်ရာများဖြစ်ပွားခြင်း၊ပေါက်ကွဲခြင်း၊လျှပ်စစ်ပတ်လမ်းတိုဖြစ်ပေါ်ခြင်း၊ဓာတ်လိုက်ခြင်းများဖြစ်စေနိုင်ပါသည်။**

## ● လျှပ်စစ်နှင့်ပတ်သတ်သောအခြေအနေများ

ဤစက်ကိုရေထဲတွင်နစ်မြုပ်ခြင်းမဖြစ်ပါစေနှင့်။

စက်ကိုရေနှင့်နီးသောနေရာတွင်အသုံးမပြုပါနှင့်။

ရေချိုးကန်၊ရေပန်း၊ဘေစင်(သို့)ရေထည့်ထားသည့်အခြားသောခွက်များအနီးတွင်အသုံးမပြုပါနှင့်။



စက်ပေါ်ရှိအနီရောင် သင်္ကေတသည် ရေနှင့်နီးသောနေရာတွင်စက်အားအသုံးမပြုရန် သတိပေးခြင်းဖြစ်သည်။

၁. ပါဝါမီးခလုပ်ခုံမှစက်အားပလပ်မဖြုတ်ခင်နှင့်အသုံးပြုပြီးနောက်တွင်ဆံပင်ပုံသွင်းစက်ကို သုညအနေအထားသို့အမြဲထား၍ပိတ်ပါ။စက်အားအသုံးမပြုချိန်တွင်မီးပလပ်ခုံမှစက်၏ပလပ်ကိုဖြုတ်ထားပါ။ပလပ်ဖြုတ်သည့်အခါတွင် ပလပ်ခေါင်းမှကိုင်၍ဖြုတ်ပါ။ထိုကဲ့သို့မပြုလုပ်ပါက မီးလောင်ခြင်း(သို့)မတော်တဆထိခိုက်မှုဖြစ်လာစေနိုင်ပါသည်။

၂. ဆံပင်ပုံသွင်းစက်အားအသုံးမပြုမီ ၎င်းစက်၏ဗို့အားနှင့်အိမ်တွင်းဗို့အားတူညီမှုရှိ၊မရှိကိုစစ်ဆေးပါ။

၃. မီးကြိုးပြတ်တောက်ခြင်း၊ထိခိုက်ပျက်စီးခြင်းတို့မဖြစ်ပါစေနှင့်(သို့)မီးကြိုးကိုပြန်လည်ပြုပြင်ခြင်းမလုပ်ပါနှင့်။အားသုံး၍မီးကြိုးကိုလိမ်ကျစ်ခြင်း(သို့)ကွေးခြင်း၊ဆွဲခြင်းမပြုလုပ်ပါနှင့်။မီးကြိုးပေါ်တွင်ကြီးမားလေးလံသောအရာများမထားပါနှင့်(သို့)အခြားပစ္စည်းများကြားတွင်လည်းညပ်နေခြင်းမဖြစ်ပါစေနှင့်။ဆံပင်ပုံသွင်းစက်တွင်မီးကြိုးကိုရစ်ပတ်ထားခြင်းမပြုပါနှင့်။၎င်းကဲ့သို့ပြုလုပ်ခြင်းကြောင့်မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းဖြစ်စေနိုင်ပါသည်။အကယ်၍မီးကြိုးပေါက်ပြဲလာလျှင်(သို့)ပူလာလျှင်ချက်ချင်းအသုံးပြုခြင်းကိုရပ်လိုက်ပါ။

၄. ရေချိုးခန်းထဲတွင်ဆံပင်ပုံသွင်းစက်အားအသုံးပြုသောအခါ၎င်းစက်၏ခလုတ်ကိုပိတ်ပြီးသော်လည်း ရေနှင့်နီးသောနေရာသည် အန္တရာယ်ရှိနိုင်သောကြောင့်အသုံးပြုပြီးသောအခါပလပ်ကိုဖြုတ်ထာပါ။

၅. ထပ်ဆောင်းကာကွယ်မှုအတွက်ရေချိုးခန်းတွင်အသုံးပြုနေသောလျှပ်စစ်ပတ်လမ်းသည် ၃၀ မီလီအမ်ပီယာ ထက်မပိုသောသတ်မှတ်ထားသည့်ကြွင်းကျန်သောလည်ပတ်လမ်းကြောင်းရှိသည့် အာစီဒီ တပ်ဆင်ခြင်းမျိုးရှိသင့်ပါသည်။သင့်အားတပ်ဆင်ပေးသူအား အကြံဉာဏ်တောင်းပါ။

## ဆံပင်ပုံသွင်းစက်အသုံးပြုခြင်း

မြန်မာ

၁။ ဆံပင်ပုံသွင်းစက်မှ စဉ်ဆက်မပြတ် လေမထွက်ခြင်းနှင့်မီးကြိုး(သို့)ပလပ်ခေါင်းပျက်စီးခြင်း၊မီးကြိုးပူလာခြင်း(သို့)မီးပလပ်ပေါက်မှပလပ်ခေါင်း ချောင်နေသည့်အခါတို့တွင်အသုံးပြုခြင်းကိုချက်ခြင်းရပ်တန့်လိုက်ပါ။

၂။ လေဝင်ပေါက်(သို့)လေထွက်ပေါက်အတွင်းသို့အခြားမသက်ဆိုင်သောပြင်ပအရာဝတ္ထုများကိုမထည့်ပါနှင့်။

၃။ ဘန်ဇင်း၊တင်နာသုတ်ဆေး၊မှုတ်ဆေးဘူးစသည့်မီးလောင်လွယ်သောအရာတို့အနီးနားတွင် ဆံပင်ပုံသွင်းစက်ကိုအသုံးမပြုပါနှင့်။

၄။ ရေစိုနေသောလက်ဖြင့် ဆံပင်ပုံသွင်းစက်အားအသုံးမပြုပါနှင့်။

၅။ အလွန်စိုစွတ်သောနေရာတွင် ဆံပင်ပုံသွင်းစက်အားမထားရှိပါနှင့်(သို့)အသုံးမပြုပါနှင့်။ထို့အပြင်ဆံပင်ပုံသွင်းစက်ကို ရေထဲတွင်နစ်မြှုပ်ခြင်းမဖြစ်ပါစေနှင့်။

၆။ ၎င်းစက်အားရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအားနည်းနေသောသူများ၊ ဘေးကင်းလုံခြုံမှုအတွက်တာဝန်ရှိသူတစ်ယောက်မှ စက်၏အသုံးပြုပုံများကို လမ်းညွှန်ထားခြင်းမရှိဘဲအတွေ့အကြုံဗဟုသုတမရှိသူများအသုံးမပြုသင့်ပါ။၎င်းစက်နှင့်ဆော့ကစားခြင်းမပြုစေရန်ကလေးငယ်များကို အုပ်ထိန်းသူများကကြီးကြပ်စောင့်ကြည့်သင့်ပါသည်။

## ဆံပင်ပုံသွင်းစက်ပြုပြင်ခြင်း

၁။ ဆံပင်ပုံသွင်းစက်ကိုပြင်ခြင်း၊ဖြုတ်ခြင်း(သို့)ပြုပြင်မွမ်းမံခြင်းမပြုလုပ်ပါနှင့်။

၂။ အကယ်၍မီးကြိုးပျက်စီးသွားပါကဘေးအန္တရာယ်မှကာကွယ်ရန်ဤစက်ကိုထုတ်လုပ်သူ၊ပစ္စည်း၏ဝန်ဆောင်မှုကိုယ်စားလှယ်(သို့)အလားတူ ကျွမ်းကျင်ပညာရှင်တို့ထံတွင်အစားထိုးလဲလှယ်ရမည်။

၃။ အကယ်၍မီးကြိုး(သို့)ပလပ်ခေါင်းပျက်စီးသွားပါကချက်ချင်းအသုံးပြုခြင်းကိုရပ်တန့်ပြီး ပန်နာဆိုးနစ် ဆားဗစ်စင်တာကိုဆက်သွယ်ပါ။

## သတိပေးချက်

၁။ လေထွက်ပေါက်များတွင်သင်၏လက်များကိုမထားပါနှင့်(သို့)၎င်းစက်ပျက်စီးနေလျှင်အသုံးမပြုပါနှင့်။အပူလောင်၍ထိခိုက်နာကျင်နိုင်ပါသည်။

၂။ ဆံပင်ပုံသွင်းစက်ကိုလူတို့၏ဆံပင်ကိုအခြောက်ခံခြင်းနှင့်ပုံသွင်းလုပစေရန်သာအသုံးပြုပါ။ကလေးများအတွက်အသုံးမပြုပါနှင့်။

၃။ ဆံပင်ပုံသွင်းစက်ပျက်စီးသွားလျှင်အသုံးမပြုပါနှင့်။

၄။ အသုံးပြုနေစဉ်နှင့်အသုံးပြုပြီးနောက်တွင်စက်သည်ပူနေသောကြောင့်ထိုစက်၏ဆက်စပ်ပစ္စည်းများထိကိုင်ခြင်းအသုံးမပြုပါနှင့်။


၅။ လေဝင်ပေါက်ထဲသို့ ဆံပင်များဝင်မသွားစေရန် ဂရုပြုပါ။

၆။ ဆံပင်ပုံသွင်းစက်ကို တင်နာ၊ဘန်ဇင်း(သို့)အခြားသောအရည်များဖြင့်ဆေးကြောသန့်စင်ခြင်းမပြုပါနှင့်။

၇။ ဤဆံပင်ပုံသွင်းစက်တွင်အပူလွန်ကဲခြင်းကိုအလိုအလျောက်ကာကွယ်ပေးသောကိရိယာကိုတပ်ဆင်ထားပါသည်။အကယ်၍ဆံပင်ပုံသွင်းစက်သည်အပူလွန်ကဲလျှင်လေအေးများထုတ်လွှတ်ပေးပါလိမ့်မည်။မီးပလပ်ပေါက်မှပလပ်ကိုဖြုတ်ပါ။ဆံပင်ပုံသွင်းစက်ကိုနောက်တစ်ကြိမ်အသုံး မပြုမီ မိနစ်အနည်းငယ်ကြာအအေးခံပါ။နောက်တစ်ကြိမ်ပါဝါခလုတ်မဖွင့်မီ လေဝင်ပေါက်နှင့်လေထွက်ပေါက်များတွင် ဆံပင်၊အမှုန်အစရှိသည်တို့ရှိ၊မရှိစစ်ဆေးပါ။

# အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း

① ကိုယ်ထည်
② ဆက်စပ်ပစ္စည်းဖြုတ်သည့်ခလုတ်
③ လေထွက်ပေါက်
④ လက်ကိုင်ကွင်း
⑤ လေဝင်ပေါက်
⑥ မီးကြိုး
⑦ ပါဝါခလုတ်/မြန်နှုန်းရွေးချယ်သည့်ခလုတ်
၀ ႏ အပိတ်ခလုတ်
၁ ႏ လေအေးစနစ်ခလုတ်
၂ ႏ ချိန်ညှိစနစ်ခလုတ်
၃ ႏ လေပူစနစ်ခလုတ်





# ဆံပင်ပုံသွင်းစက်အသုံးပြုနည်း

## ဆက်စပ်ပစ္စည်းတပ်ဆင်ခြင်း

- ပုံတွင်ပြထားသည့်အတိုင်းဆံပင်ပုံသွင်းစက်နှင့်ဆက်စပ်ပစ္စည်းများအံဝင်ခွင်ကျဖြစ်စေရန်ချိန်ညှိပါ။ဆက်စပ်ပစ္စည်း၏မြောင်းနှင့်စက်ကိုယ်ထည်၏ချိတ်တို့တစ်ခုနှင့်တစ်ခုအံဝင်ခွင်ကျဖြစ်စေရန်ချိန်ညှိပြီးခြင်းရှိ၊မရှိသေချာစွာစစ်ဆေးပါ။ ဆံပင်ပုံသွင်းစက်အားချက်ကနဲမြည်သံကြားရသည်အထိဆက်စပ်ပစ္စည်းကိုထည့်သွင်းပါ။

- ဆက်စပ်ပစ္စည်းအားဖယ်ထုတ်ရန်အတွက်ဆက်စပ်ပစ္စည်းဖြုတ်သည့်ခလုတ်ကိုနှိပ်ပြီးဆွဲထုတ်ပါ။




# ဆက်စပ်ပစ္စည်းကိုရိယာအားမိတ်ဆက်ခြင်း

## လေမှုတ်သည့်ဘီး

သဘာဝဆံပင်ပုံစံအတွက်သာအသုံးပြုပါ။





ဆံပင်အနည်းငယ်ကိုယူပြီးအတွင်းဘက်မှနေ၍ဆံသားအောက်ခြေထိညင်သာစွာဖီးချပါ။ထိုသို့လုပ်ရားမှုကိုပြုလုပ်နိုင်ရန်သင်၏လက်ကိုအသုံးချပါ။


# ဆံပင်ပုံသွင်းစက်အားထိန်းသိမ်းခြင်း



အပူလွန်ကဲခြင်းကြောင့်ဖြစ်ပေါ်လာသောပိတ်ဆို့မှုများကိုတားဆီးရန်အတွက်လေဝင်ပေါက်များနှင့်လေထွက်ပေါက်များကိုသန့်ရှင်းရေးပြုလုပ်ပါ။

ဆံပင်ပုံသွင်းစက်ကိုတစ်လတွင်အနည်းဆုံးတစ်ကြိမ်သန့်ရှင်းရေးပြုလုပ်ပေးသင့်သည်။

ဆံပင်ပုံသွင်းစက်အားသန့်ရှင်းစေရန် ပါဝါခလုတ်ကို “ ၀ ” အမှတ်သို့ရွှေ့ပြီးစက်၏ပလပ်ကိုပလပ်ပေါက်မှဖြုတ်ပါ။



- ပုံတွင်ပြထားသည့်အတိုင်းသွားပွတ်တံကိုအသုံးပြု၍လေထွက်ပေါက်ကိုသန့်ရှင်းရေးပြုလုပ်ပေးပါ။
- လေဝင်ပေါက်အားသန့်ရှင်းရေးပြုလုပ်ရန်နာရီလက်တံပြောင်းပြန်လှည့်၍ဇကာကွက်ကိုဆွဲထုတ်ပြီးဖယ်ရှားပါ။
- သွားပွတ်တံကိုအသုံးပြု၍ဖုန်(သို့)ဆံပင်စများကိုဖယ်ရှားပေးပါ။
- ဇကာကွက်ကိုပြန်လည်တပ်ဆင်ရန်အတွက်ချိတ်ဆက်ကိရိယာ၏မြောင်းနှင့်ဇကာကွက်အစွန်းတို့သည်တစ်ဖြောင့်တန်းတည်းအံဝင်ခွင်ကျရှိနေရပါမည်။ကွက်တိအံဝင်ဂွင်ကျဖြစ်စေရန်လှည့်ပေးပါ။

# အသေးစိတ်အချက်အလက်များ

မော်ဒယ်နံပါတ်. : EH-KA 11

| | | | | |
|---|---|---|---|---|
| ဗို့အား | ၁၁၀ဗို့<br>၆၀ဟတ်စ်* | ၂၂၀ဗို့<br>၅၀–၆၀ဟတ်စ် | ၂၃၀ဗို့<br>၅၀–၆၀ဟတ်စ် | ၂၄၀ဗို့<br>၅၀–၆၀ဟတ်စ် |
| အထွက်အား | ၆၀၀ဝပ် | ၅၅၀ဝပ် | ၆၀၀ဝပ် | ၆၅၀ဝပ် |
| အတိုင်းအတာများ | ၄၈(အလျား)×၁၉၅(အနံ)×၄၈(အမြင့်)မီလီမီတာ(စက်ကိုယ်ထည်) | | | |
| အလေးချိန် | ၂၇၆ဂရမ် | ၃၂၀ဂရမ်(စက်ကိုယ်ထည်) | | |
| ဆက်စပ်ပစ္စည်းများ | လေမှုတ်သည့်ဘရက်ရှ်ဘီး | | | |

* ထိုင်ဝမ်နိုင်ငံတွင်သာရရှိနိုင်ပါသည်။

Panasonic Manufacturing (Thailand) Co., Ltd.
Navanakorn Industrial Estate, Zone 3, No. 106 Moo 18, Klong 1,
Klong Luang, Patum Thani 12120, Thailand